**မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခြေရာခံစီမံကိန်း**
**Western Union ၏ တုန့်ပြန်ဖြေကြားချက်**

**လုပ်ငန်းအမျိုးအစား ။ ။ ငွေကြေးနှင့်ဘဏ်လုပ်ငန်း**
**ဌာနချုပ်အခြေစိုက် ။ ။ အမေရိကန်ပြည်ထောင်စု**

*Western Union အနေဖြင့် ကျွန်ုပ်တို့၏ မေးမြန်းချက်များအား ပြန်လည်ဖြေကြားပေးခြင်းမရှိပဲ အောက်ပါအဆိုပြုချက်ကိုသာပေးပို့ခဲ့သည်။*

ပထမမေးခွန်းအားဖြေကြားသည့်အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ကျွန်ုပ်တို့၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လတ်တလောအစီရင်ခံစာအား ပူးတွဲတင်ပြထားပါသည်။ အဆိုပါအစီရင်ခံစာသည် ဇူလိုင်လအတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန သို့ တင်သွင်းထားသည့်အစီရင်ခံစာလည်းဖြစ်သည်။ ၎င်းသည် မြန်မာနိုင်ငံအတွင်းရှိ ကျွန်ုပ်တို့လုပ်ငန်းများ၏ သဘောသဘာဝနှင့် လုပ်ငန်းကျယ်ပြန့်မှု အတိုင်းအတာတို့ကို အသေးစိတ်တင်ပြထားသည်။

သင်၏အခြားမေးခွန်းတစ်ခုအား ဖြေကြားလိုသည်မှာ Western Union ၏ အဖွဲ့အစည်းဆိုင်ရာ တာဝန်ယူမှုအစီရင်ခံစာအား ပူးတွဲပို့ပေးပြီးဖြစ်သကဲ့သို့ ၎င်းအစီရင်ခံစာတွင် နိုင်ငံတကာရှိ Western Union ၏ လုပ်ငန်းဆောင်ရွက်မှုအသေးစိတ်အား ဖော်ပြထားသည်။ ထိုအစီရင်ခံစာ၏ စာမျက်နှာ ၅၁ တွင် ခွဲခြားဆက်ဆံမှုမပြုရေးမူဝါဒအား ဖော်ပြထားပြီး၊ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် မူဝါဒ ပြဋ္ဌာန်းချက်များကိုမူ စာမျက်နှာ ၅၁-၅၂ အထိတွင် အသီးသီးဖော်ပြထားပါသည်။ Western Union ၏ ဒါရိုက်တာများဘုတ်အဖွဲ့သို့ ဆက်သွယ်နိုင်မည့် အချက်အလက်များအား စာမျက်နှာ ၅၄ တွင် ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် BSR အဖွဲ့ဝင်ဖြစ်ပြီး ၎င်းတို့နှင့် အဖွဲ့အစည်းဆိုင်ရာ တာဝန်ယူမှုတို့တွင် အနီးကပ်ပူးပေါင်းလုပ်ဆောင်လျှက်ရှိကြောင်း ဖော်ပြလိုသည်။ ကျွန်ုပ်တို့နှင့်လက်တွဲလုပ်ဆောင်နေကြသော အဖွဲ့အစည်းများအကြောင်းအသေးစိတ်ကိုမူ စာမျက်နှာ ၈၃ တွင် လေ့လာနိုင်သည်။

သင့်အနေဖြင့် ရှေ့ဆက်ဆွေးနွေးမေးမြန်းလိုလျှင် ကျွန်ုပ်ကိုယ်တိုင် (သို့မဟုတ်) ကျွန်ုပ်၏လုပ်ဖော်ကိုင်ဖက်ဖြစ်သော လူမှုရေးဆိုင်ရာတာဝန်ယူမှုဌာန (Social Ventures/Corporate Responsibility Department)မှ Joy Miller တို့အနေဖြင့် ကူညီပံ့ပိုးပေးလိုပါသည်။ သင့်အီးမေးလ်တွင်ဖော်ပြထားသည့်အတိုင်း ဖော်ပြပါအချက်အလက်များအား အခါအားလျော်စွာဖြည့်ဆည်းပေးလိုပါသည်။